# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကယားပြည်နယ်လွှတ်တော်

# ကယားပြည်နယ် ပြတိုက်နှင့်စာကြည့်တိုက်များဥပဒေ

( ၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။ )

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်

## ကယားပြည်နယ် ပြတိုက်နှင့် စာကြည့်တိုက်များဥပဒေ

### မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | | ၁ |
| ၂။ | အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၃။ | အခန်း(၂) | ရည်ရွယ်ချက်များ | ၅ |
| ၄။ | အခန်း(၃) | ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း | ၇ |
| ၅။ | အခန်း(၄) | ကော်မတီနှင့် မြို့နယ်ကော်မတီတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၉ |
| ၆။ | အခန်း(၅) | ပြတိုက်နှင့် စာကြည့်တိုက်များ မှတ်ပုံတင် သက်သေခံလက်မှတ် | ၁၂ |
| ၇။ | အခန်း(၆) | တားမြစ်ချက်များ | ၁၃ |
| ၈။ | အခန်း(၇) | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၁၅ |
| ၉။ | အခန်း(၈) | ပြစ်ဒဏ်များ | ၁၆ |
| ၁၀။ | အခန်း(၉) | အထွေထွေ | ၁၈ |


# ကယားပြည်နယ် ပြတိုက်နှင့် စာကြည့်တိုက်များဥပဒေ

(၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၅ ။)

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆုတ် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

## နိဒါန်း

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကယားပြည်နယ် ပြတိုက်နှင့် စာကြည့်တိုက်များ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ကယားပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ကယားပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

( င ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ကယားပြည်နယ် ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

( စ ) **မြို့နယ်ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဆ) **ပြတိုက်** ဆိုသည်မှာ လူနှင့် သဘာဝပတ်ဝန်းကျင်တို့၏ ဒြပ်ရှိ၊ ဒြပ်မဲ့ အမွေအနှစ်များကို စုဆောင်းထိန်းသိမ်း သုတေသနပြု၍ အများပြည်သူလေ့လာနိုင်စေရန်နှင့် ပညာပေးရန်အတွက် တည်ထောင်ထားသည့် အကျိုးအမြတ်ရယူခြင်းမရှိသော အဖွဲ့အစည်း၊ ရှေးဟောင်းပစ္စည်းများ၊ အနုပညာလက်ရာများ၊ စာပေများ သို့မဟုတ် ဗဟုသုတဖြစ်စေဖွယ်ရာ သို့မဟုတ် စိတ်ဝင်စားဖွယ်ရာ ဝတ္ထုပစ္စည်းများ ခင်းကျင်းပြသထားသည့်နေရာ၊ အခန်း သို့မဟုတ် အဆောက်အဦးများကို ဆိုသည်။

( ဇ ) **ပုဂ္ဂလိကပြတိုက်များ** ဆိုသည်မှာ နိုင်ငံသားတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ယင်းတို့၏ ကိုယ်ပိုင်ရန်ပုံငွေဖြင့် တည်ထောင်ထားသည့် ပြတိုက်များကို ဆိုသည်။

( ဈ) **ပြတိုက်ပစ္စည်း** ဆိုသည်မှာ သက်ဆိုင်ရာ ပြတိုက်အမျိုးအစားအလိုက် စုဆောင်းထိန်းသိမ်းခင်းကျင်းပြသထားသော ဒြပ်ရှိ၊ ဒြပ်မဲ့နှင့် ပညာရပ်အလိုက် သက်ဆိုင်သော ပစ္စည်းများကို ဆိုသည်။



(ည) **ရှေးဟောင်းဝတ္ထုပစ္စည်း** ဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ၊ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများအပါအဝင် လူသားတို့ပြုလုပ်သုံးစွဲခဲ့သော အရာဝတ္ထုပစ္စည်းများကို ဆိုသည်။

( ဋ ) **ပြတိုက်အဆောက်အအုံ** ဆိုသည်မှာ ပြတိုက်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ စုဆောင်းထိန်းသိမ်းခင်းကျင်းပြသ အသိပေးရာတွင် အသုံးပြုသည့် အဆောက်အအုံ သို့မဟုတ် နေရာ သို့မဟုတ် မြေနေရာကို ဆိုသည်။

( ဌ ) **ပြတိုက်အုပ်ချုပ်ရေးအဖွဲ့** ဆိုသည်မှာ ပုဂ္ဂလိကပြတိုက်များတွင် အုပ်ချုပ်ရေးနှင့် ငွေကြေးစီမံခန့်ခွဲမှုများအတွက် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

( ဍ ) **စာကြည့်တိုက်** ဆိုသည်မှာ အများပြည်သူလေ့လာဖတ်ရှုအသုံးပြုနိုင်ရန်နှင့် ငှားရမ်းရန်ဖွင့်လှစ်ထားသော စာအုပ်၊ စာတမ်း၊ စာပေပစ္စည်းများကို စုဆောင်းသိမ်းဆည်းထားသည့် နေရာ၊ အခန်း သို့မဟုတ် အဆောက်အဦးကို ဆိုသည်။ ဤစကားရပ်တွင် အများပြည်သူတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားသည့် စာကြည့်တိုက်၊ ပဋိကတ်တိုက်၊ စာကြည့်ခန်း၊ စာဖတ်ခန်း၊ စာကြည့်တိုက်အသင်းနှင့် အများပြည်သူတို့ဖတ်ရှုရန် သို့မဟုတ် ငှားရမ်းရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသည့်နေရာ၊ အခန်း သို့မဟုတ် အဆောက်အဦနှင့် မော်တော်ယာဉ်စသည့်

ယာဉ်တစ်မျိုးမျိုးနှင့် လှည့်လည်ငှားရမ်းသည့် ရွေ့လျား စာကြည့်တိုက်များလည်း ပါဝင်သည်။

( ဃ ) **စာအုပ်၊ စာတမ်း၊ စာပေပစ္စည်း** ဆိုသည်မှာ မည်သည့် ဘာသာဖြစ်မဆို ရေးသားထားသည့် သို့မဟုတ် ပုံနှိပ်ထားသည့် လက်ရေးစာ၊ ပေစာ၊ ပုရပိုက်စာ၊ မင်စာ၊ ကျောက်စာ၊ စဉ့်ကွင်းစာ၊ စာနယ်ဇင်းများနှင့် မြေပုံ၊ ရုပ်ပုံ၊ ဓာတ်ပုံများ၊ ဂီတသင်္ကေတများ၊ ဓာတ်ပြားများ၊ မိုက်ခရိုဖလင်များနှင့် အီလက်ထရောနစ်အရင်းအမြစ်များကို ဆိုသည်။

(ဏ) **မှတ်ပုံတင်သက်သေခံလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကော်မတီကထုတ်ပေးသည့် ပြတိုက်နှင့် စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ကို ဆိုသည်။

(တ) **ဦးစီးဌာန** ဆိုသည်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ဆိုသည်။

(ထ) **ပြည်နယ်ဦးစီးမှူး** ဆိုသည်မှာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တာဝန်ခံအရာရှိကို ဆိုသည်။



## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန်၊

( ခ ) အမှားအမှန်ဝေဖန်ပိုင်းခြား၍ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ရန်နှင့် ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ကျင့်တရား ကောင်းမွန်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာစေရန်၊

( ဂ ) အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းဖြင့် တည်ဆောက်ရန်၊

(ဃ) ခိုင်မာသည့် စာကြည့်တိုက် အဆောက်အဦများ၊ ပရိဘောဂများ၊ စာအုပ်စာစောင်များနှင့် စာပေပစ္စည်းအရင်းအမြစ်များ တိုးပွားစေရန်၊

( င ) ပြတိုက်နှင့် စာကြည့်တိုက်များကို ပြည်သူလူထု လက်လှမ်းမီစွာ အသုံးချတတ်နိုင်ရန်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အနုပညာလက်ရာများကို ထိန်းသိမ်းတတ်ရန်နှင့် တန်ဖိုးထားချစ်မြတ်နိုးတတ်စေရန်၊

( စ ) သုတေသနလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန်၊

(ဆ) ပြည်သူများ အီလက်ထရောနစ်မီဒီယာဖြင့် သတင်းအချက်အလက်များ ရယူနိုင်သော ပြည်သူ့ဗဟိုပြု အီလက်ထရောနစ်စာကြည့်တိုက်များ ပေါ်ထွန်းလာစေရန်၊

(ဇ) ပြတိုက်နှင့် စာကြည့်တိုက်လုပ်ငန်းများဖြင့် ပြည်သူ့ဆက်ဆံရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန်၊

(ဈ) တိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုသော မိမိတို့လူ့ဘောင်အဖွဲ့အစည်းအတွင်း လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာပစ္စည်းများဖြစ်စေ၊ သမိုင်းဝင်ပစ္စည်းများဖြစ်စေ၊ သဘာဝပစ္စည်းများဖြစ်စေ၊ ဘာသာရပ်ဆိုင်ရာပစ္စည်းများကိုဖြစ်စေ၊ ပညာရပ်ဆိုင်ရာပစ္စည်းများကိုဖြစ်စေ အချက်အလက်မှန်ကန်စွာ စုဆောင်းထိန်းသိမ်းခင်းကျင်းပြသနိုင်သောပြတိုက်များ ပေါ်ပေါက်လာစေရန်၊

(ည) ကယားပြည်နယ်အတွင်းရှိ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ရေးတွင် အထောက်အပံ့ဖြစ်စေရန်၊

(ဋ) ပုဂ္ဂလိကပြတိုက် တည်ထောင်ဖွင့်လှစ်ခြင်းကို အားပေးကူညီရန်၊

(ဌ) ပြတိုက်အား အသိပညာပေးရေးဌာနအဖြစ် အသုံးချမှုကို အသိအမှတ်ပြု၍ အားပေးရန်၊



## အခန်း(၃)

## ပြတိုက်နှင့်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ကယားပြည်နယ် ပြတိုက်နှင့်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဝန်ကြီး — ဥက္ကဋ္ဌ

(ခ) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) ဝန်ကြီးမှ တာဝန်ပေးအပ်သော ပြတိုက်နှင့် စာကြည့်တိုက်ပညာရှင်(၃)ဦး — အဖွဲ့ဝင်

(ဃ) ပြည်နယ်ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းရှင်များအသင်းကိုယ်စားလှယ် (၁)ဦး — အဖွဲ့ဝင်

(င) မြန်မာနိုင်ငံစာရေးဆရာများအသင်း (ကယားပြည်နယ်)၊ကိုယ်စားလှယ်(၁)ဦး — အဖွဲ့ဝင်

(စ) ပြတိုက်၊ စာကြည့်တိုက်လုပ်ငန်းကို စိတ်ပါဝင်စားသူ မြို့မိမြို့ဖကိုယ်စားလှယ်(၃)ဦး — အဖွဲ့ဝင်

(ဆ) ပြတိုက်များမှကိုယ်စားလှယ်(၁)ဦး — အဖွဲ့ဝင်

(ဇ) ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး — အတွင်းရေးမှူး

၅။ အစိုးရအဖွဲ့သည် ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မတီဝင် ဖွဲ့စည်းပုံနှင့် အရေအတွက်တို့ကို ပြင်ဆင်သတ်မှတ်ခြင်းများ ပြုလုပ်နိုင်သည်။

၆။ ကော်မတီသည် မြို့နယ်ပြတိုက်နှင့်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(ခ) ပြတိုက်၊ စာကြည့်တိုက်လုပ်ငန်းကို စိတ်ပါဝင်စားသူ မြို့မိမြို့ဖကိုယ်စားလှယ်(၃)ဦး — အဖွဲ့ဝင်

(ဂ) မြို့နယ်ပြတိုက်များမှ ကိုယ်စားလှယ်(၁)ဦး — အဖွဲ့ဝင်

(ဃ) မြို့နယ်စာရေးဆရာအသင်း ကိုယ်စားလှယ် (၁)ဦး — အဖွဲ့ဝင်

(င) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်းရှင် ကိုယ်စားလှယ်(၁)ဦး — အဖွဲ့ဝင်

(စ) မြို့နယ်ဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန — အတွင်းရေးမှူး

၇။ ကော်မတီသည် မြို့နယ်ကော်မတီများကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းပုံနှင့် ကော်မတီဝင်အရေအတွက်တို့ကို ပြင်ဆင်သတ်မှတ်ခြင်းများ ပြုလုပ်နိုင်သည်။



## အခန်း(၄)

## ကော်မတီနှင့် မြို့နယ်ကော်မတီတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော ပြတိုက်နှင့်စာကြည့်တိုက်များဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ ညွှန်ကြားခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် စည်းမျဉ်းစည်းကမ်းချမှတ်ခြင်း၊

(ခ) ကော်မတီသည် မြို့နယ်ကော်မတီက တင်ပြလာသော မှတ်ပုံတင်သက်သေခံလက်မှတ် လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း၊ သက်သေခံလက်မှတ်များ ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဂ) ဤဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် ပြတိုက်နှင့် စာကြည့်တိုက်လုပ်ငန်းများကို စစ်ဆေးကြီးကြပ်ခြင်း၊

(ဃ) မြို့နယ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ညွှန်ကြားခြင်း၊

(င) ဤဥပဒေအရ တရားစွဲဆိုအရေးယူမည့်ကိစ္စရပ်များတွင် တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(စ) ပြတိုက်နှင့် စာကြည့်တိုက်များဆိုင်ရာ နည်းပညာရပ်များ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(ဆ) ကော်မတီသည် မိမိအဖွဲ့ဝင်ပြတိုက်များမှ နှစ်စဉ်အဖွဲ့ဝင်ကြေးအဖြစ် သင့်လျော်သောနှုန်းထား သတ်မှတ်ကောက်ခံပြီး ရန်ပုံငွေတစ်ရပ်ထူထောင်ခြင်း၊

( ဇ ) ပြတိုက်များအား သတ်မှတ်ချက်များနှင့်အညီ အဆင့်သတ်မှတ်ပေးခြင်း၊

( ဈ) ပြတိုက်ပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊

(ည) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ မြို့နယ်ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ ပြတိုက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ခ ) မှတ်ပုံတင်သက်သေခံလက်မှတ်များ လျှောက်ထားလာပါက စိစစ်၍ ကော်မတီသို့ တင်ပြခြင်း၊

( ဂ ) မြို့နယ်အတွင်းရှိ ပြတိုက်နှင့် စာကြည့်တိုက်လုပ်ငန်းများ အောင်မြင်စေရေး ကွင်းဆင်းစစ်ဆေးကြီးကြပ် ဆောင်ရွက်ခြင်း၊

(ဃ) မြို့နယ်အတွင်းရှိ ပြတိုက်နှင့် စာကြည့်တိုက်များအတွက် လိုအပ်သည့် အထောက်အပံ့ရရှိရေး စည်းရုံးဆောင်ရွက်ပေးခြင်း၊



( င ) မြို့နယ်အတွင်းရှိ ပြတိုက် နှင့် စာကြည့်တိုက်များဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊

( စ ) ကော်မတီက ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၅)

## ပြတိုက်နှင့် စာကြည့်တိုက်များ မှတ်ပုံတင်သက်သေခံလက်မှတ်

၁၀။ မှတ်ပုံတင်သက်သေခံလက်မှတ် လျှောက်ထားခြင်းကို သက်ဆိုင်ရာ ပြတိုက်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် ပြတိုက်၊ စာကြည့်တိုက် တည်ထောင်လိုသူက လျှောက်ထားနိုင်သည်။

၁၁။ ပြည်နယ်အတွင်း မှတ်ပုံတင်သက်သေခံလက်မှတ် ရယူလိုသူများသည် သတ်မှတ်ထားသည့် နည်းလမ်းများဖြင့် မြို့နယ်ကော်မတီမှတစ်ဆင့် ပြည်နယ်ဦးစီးမှူးသို့ လျှောက်ထားရမည်။

၁၂။ ပြည်နယ်ဦးစီးမှူးသည် မှတ်ပုံတင်သက်သေခံလက်မှတ် လျှောက်လွှာရရှိသည့်အခါ လိုအပ်သောစိစစ်မှုများပြုလုပ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ကော်မတီသို့ တင်ပြရမည်။

၁၃။ ကော်မတီသည် တင်ပြသည့် လျှောက်လွှာကို လိုအပ်သော စိစစ်မှုများပြုလုပ်ပြီး ဝန်ကြီး၏ သဘောထားမှတ်ချက်နှင့်အညီ မှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ ပြတိုက်တွင် ရှေးဟောင်းဝတ္ထုပစ္စည်းများ ပါဝင်ခင်းကျင်းပြသလိုပါက တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်ထားပြီးမှသာ ခင်းကျင်းပြသခွင့်ရှိပြီး ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၅။ ပြတိုက်၊ စာကြည့်တိုက်အတွက် ထုတ်ပေးထားသည့် ခွင့်ပြုမိန့်သည် သတ်မှတ်ကာလအတွင်းသာဖြစ်ရမည်။



## အခန်း(၆)

## တားမြစ်ချက်များ

၁၆။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးထားသော မှတ်ပုံတင်သက်သေခံလက်မှတ်မရှိဘဲ ပြတိုက်နှင့် စာကြည့်တိုက် ထူထောင်ဖွင့်လှစ်ခြင်း မပြုရ။

၁၇။ မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိသူသည် မှတ်ပုံတင်သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုရ။

၁၈။ မည်သူမျှ ပြတိုက်နှင့် စာကြည့်တိုက်ကို ဤဥပဒေပါ ရည်ရွယ်ချက် လုပ်ငန်းများနှင့် မသက်ဆိုင်သည့် အခြားကိစ္စရပ်များတွင် အသုံးမပြုရ။

၁၉။ မည်သူမျှ ပြတိုက်နှင့် စာကြည့်တိုက်ကို တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော ကိစ္စရပ်များတွင် အသုံးမပြုရ။

၂၀။ မည်သည့်ပြတိုက်၊ စာကြည့်တိုက်တွင်မဆို တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ဘာသာရေးအရ ထိခိုက်စေသော မည်သည့်ပစ္စည်းမျိုးကိုမျှ ပြတိုက်၊ စာကြည့်တိုက်များတွင် စုဆောင်းခြင်း၊ ပြသခြင်း မပြုရ။

၂၁။ မည်သည့်ပုဂ္ဂလိကပြတိုက်များတွင်မျှ ရှေးဟောင်းဝတ္ထု ပစ္စည်းများကို ရှာဖွေစုဆောင်းခြင်း၊ တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းနှင့် လေလံတင်ဝယ်ယူရောင်းချခြင်း မပြုရ။

၂၂။ ပြတိုက်အတွင်း နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေသော မည်သည့်ဆွေးနွေးပြောဆိုစည်းရုံးမှုမျိုးကိုမျှ မပြုလုပ်ရ။

၂၃။ ပြတိုက်ပရဝုဏ်နှင့် ပြတိုက်အတွင်း လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုကို ထိခိုက်စေမည့် မည်သည့်ပြုမူလုပ်ဆောင်ခြင်းကိုမျှ မပြုလုပ်ရ။

၂၄။ မည်သူမျှ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို ပြတိုက်ပြင်ပသို့ ယူဆောင်သွားခြင်း မပြုရ။



## အခန်း(၇)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၅။ ကော်မတီသည် အခန်း(၆)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်သည့် ပြတိုက်နှင့် စာကြည့်တိုက်များအား အောက်ပါစီမံခန့်ခွဲရေးအမိန့်များ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

( ခ ) မှတ်ပုံတင်သက်သေခံလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

( ဂ ) မှတ်ပုံတင်သက်သေခံလက်မှတ်ကို ရုပ်သိမ်းခြင်း၊

၂၆။ ကော်မတီ၏ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်ပါက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၁၀)အတွင်း ဝန်ကြီးထံသို့ အယူခံဝင်နိုင်သည်။

၂၇။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း(၈)

## ပြစ်ဒဏ်များ

၂၈။ မည်သူမဆို ပုဒ်မ ၁၆ နှင့် ၁၇ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၁)လအထိဖြစ်စေ၊ ငွေဒဏ် ကျပ်(၃)သိန်းအထိဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၁၈ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)လအထိဖြစ်စေ၊ ငွေဒဏ် ကျပ်(၅)သိန်းအထိဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၁၉ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၆)လအထိဖြစ်စေ၊ ငွေဒဏ် ကျပ်(၅)သိန်းအထိဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သူမဆို ပုဒ်မ ၂၀ နှင့် ၂၁ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အများဆုံး ထောင်ဒဏ် (၅)နှစ်အထိချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

၃၂။ မည်သူမဆို ပုဒ်မ ၂၂ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အများဆုံး ထောင်ဒဏ် (၆)လထိဖြစ်စေ သို့မဟုတ် ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၂၃ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အများဆုံး ထောင်ဒဏ် (၃)လထိဖြစ်စေ သို့မဟုတ် ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။



၃၄။ မည်သူမဆို ပုဒ်မ ၂၄ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အများဆုံး (၃)နှစ်အထိချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

၃၅။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ပူးပေါင်းကြံစည်လုပ်ဆောင်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ထိုသူအား ပုဒ်မ ၂၂၊ ၂၃၊ ၂၄ ပါပြစ်မှုတို့ကို ကျူးလွန်ဘိသကဲ့သို့ မှတ်ယူ၍ ပြစ်ဒဏ်ချမှတ်ရမည်။

၃၆။ ဤဥပဒေပုဒ်မ ၃၂ နှင့် ၃၃ ပါအမှုအား ရဲအရေးပိုင်သောအမှု အဖြစ် သတ်မှတ်သည်။

## အခန်း(၉)

## အထွေထွေ

၃၇။ ဤဥပဒေအရ အရေးယူမည့် မည်သည့်ပြစ်မှုကိုမဆို ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့်တရားရုံးကမျှ လက်ခံစစ်ဆေးခြင်း မပြုရ။

၃၈။ ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ အစိုးရဌာနများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ အစိုးရနှင့် အစိုးရအသိအမှတ်ပြု တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အခြေခံပညာကျောင်းများရှိ ပြတိုက်နှင့် စာကြည့်တိုက်များသည် ဤဥပဒေအရ လျှောက်ထားရမည့် မှတ်ပုံတင်သက်သေခံလက်မှတ် လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

၃၉။ ပြတိုက်များသည် မိမိပြတိုက်အကျိုးအလို့ငှာရည်ရွယ်၍ လှူဒါန်းသောအကူအညီများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ဘဲ လက်ခံနိုင်သည်။

၄၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) အယ်လ်ဖောင်းရှို
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့